UVA GLOBAL | BDFWG Burmese Democratic Futures Working Group

## ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ အနှစ်ချုပ်

## စက်တင်ဘာလအတွင်း အရပ်သားများအပေါ် အကြမ်းဖက်မှု

| | | | |
|---|---|---|---|
| ၃၂၂ ဦး | အရပ်သား အသတ်ခံရမှု | ၃၇၂ ဦး | အရပ်သား ဖမ်းဆီးခံရမှု |
| ၅၈ ဦး | အမျိုးသမီး အသတ်ခံရမှု | ၉၂၄ လုံး | နေအိမ်မီးရှို့ပျက်စီးမှု |
| ၃၀ ဦး | ကလေးများ | ၃၃၅ ကြိမ် | လေကြောင်းတိုက်ခိုက်မှု |

### စက်တင်ဘာလအတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

၂၀၂၅ ခုနှစ်၊ ဩဂုတ်လအတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ကော်မရှင်တပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၃၂၂ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် ကလေး ၃၀ ဦး၊ အမျိုးသမီး ၅၈ ဦး ပါဝင်ပါသည်။

- မန္တလေးတိုင်းတွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၉၇ ဦး သေဆုံးခဲ့ပါသည်။ စစ်ကိုင်းတိုင်းတွင် ၆၇ ဦး၊ မကွေးတိုင်းတွင် ၄၂ ဦး၊ ကရင်နီပြည်နယ်တွင် ၃၇ ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၃၂ ဦး၊ ရခိုင်ပြည်နယ်တွင် ၁၈ ဦး၊ ကချင်ပြည်နယ်တွင် ၁၀ ဦး၊ တနင်္သာရီတိုင်းတွင် ၈ ဦး၊ ပဲခူးတိုင်းတွင် ၇ ဦး၊ မွန်ပြည်နယ်တွင် ၃ ဦးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁ ဦးတို့ ဖြစ်ကြပါသည်။

## လေကြောင်းမှ တိုက်ခိုက်မှုများ

မြန်မာနိုင်ငံ အနှံ့အပြားတွင် ဩဂုတ်လအတွင်း စစ်ကော်မရှင်တပ်မှ လေကြောင်းတိုက်ခိုက်မှု ၃၃၅ ကြိမ် ပြုလုပ်ခဲ့ပါသည်။ မန္တလေးတိုင်းတွင် ၇၃ ကြိမ်၊ စစ်ကိုင်းတိုင်းတွင် ၆၉ ကြိမ်၊ မကွေးတိုင်းတွင် ၅၇ ကြိမ်၊ ကချင်ပြည်နယ်တွင် ၄၅ ကြိမ်၊ ဧရာဝတီတိုင်းတွင် ၁၈ ကြိမ်၊ ပဲခူးတိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၁၃ ကြိမ်စီ၊ ရခိုင်ပြည်နယ်တွင် ၁၂ ကြိမ်၊ ကရင်နီပြည်နယ်တွင် ၁၁ ကြိမ်၊ ချင်းပြည်နယ်တွင် ၉ ကြိမ်၊ တနင်္သာရီတိုင်းတွင် ၇ ကြိမ်၊ ကရင်ပြည်နယ်တွင် ၆ ကြိမ်နှင့် မွန်ပြည်နယ်တွင် ၂ ကြိမ်တို့ ဖြစ်ပါသည်။

## မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံရှိ ပြည်နယ် ၄ ပြည်နယ်နှင့်တိုင်း ၄ တိုင်းတွင် ဩဂုတ်လအတွင်း စစ်ကော်မရှင်တပ်မီးရှို့သဖြင့် နေအိမ် ၉၂၄ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- စစ်ကိုင်းတိုင်းတွင် နေအိမ် ၅၅၁ လုံး၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် နေအိမ် ၁၂၄ လုံး၊ တနင်္သာရီတိုင်းတွင် နေအိမ် ၇၆ လုံး၊ ပဲခူးတိုင်းတွင် နေအိမ် ၇၅ လုံး၊ မကွေးတိုင်းတွင် နေအိမ် ၅၉ လုံး၊ ဧရာဝတီတိုင်းတွင် နေအိမ် ၃၆ လုံး၊ ကရင်ပြည်နယ်တွင် နေအိမ် ၂ လုံးနှင့် ကချင်ပြည်နယ်တွင် နေအိမ် ၁ လုံးတို့ ဖြစ်ကြပါသည်။

## အရပ်သားပြည်သူ ဖမ်းဆီးခံရမှုများ

၂၀၂၅ ခုနှစ်၊ ဩဂုတ်လအတွင်း စစ်ကော်မရှင်တပ်သည် မြန်မာနိုင်ငံအနှံ့အပြားရှိ ပြည်နယ်နှင့်တိုင်း ၁၁ ခုမှ အပြစ်မဲ့ပြည်သူပေါင်း ၃၇၂ ဦး ဖမ်းဆီးခဲ့သည်။

- မကွေးတိုင်းတွင် ၇၅ ဦး၊ စစ်ကိုင်းတိုင်းတွင် ၇၃ ဦး၊ မွန်ပြည်နယ်တွင် ၆၀ ဦး၊ ချင်းပြည်နယ်တွင် ၅၀ ဦး၊ ကချင်ပြည်နယ်တွင် ၃၁ ဦး၊ ဧရာဝတီတိုင်းတွင် ၂၇ ဦး၊ မန္တလေးတိုင်းတွင် ၁၉ ဦး၊ ရန်ကုန်တိုင်းတွင် ၁၇ ဦး၊

တနင်္သာရီတိုင်းတွင် ၁၁ ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၈ ဦးနှင့် ရခိုင်ပြည်နယ်တွင် ၁ ဦးတို့ ဖြစ်ကြပါသည်။

**ဩဂုတ်လ ၀၁ ရက်မှ ၃၁ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**


**ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ**

| | |
|---|---|
| ၁၀၇၉ ဦး | စစ်ကော်မရှင်တပ်သား |
| ၂၀ ဦး | PDF ရဲဘော်များ ကျဆုံး |
| ၂၃၇ ကြိမ် | တိုက်ပွဲ အကြိမ်အရေအတွက် |

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ အတွင်းတွင် ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၂၃၇ ကြိမ် ဖြစ်ပွားခဲ့ပြီး စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၃၉ ကြိမ်စီ ဖြစ်ပွားခဲ့သည်။ ရခိုင်ပြည်နယ်တွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၂၇ ကြိမ် ဖြစ်ပွားခဲ့သည်။ မန္တလေးတိုင်းတွင် ၂၅ ကြိမ်၊ ကချင်ပြည်နယ်တွင် ၂၃ ကြိမ်၊ ကရင်ပြည်နယ်တွင် ၂၁ ကြိမ်၊ ပဲခူးတိုင်းတွင် ၁၆ ကြိမ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၁၁ ကြိမ်၊ ဧရာဝတီတိုင်းတွင် ၉ ကြိမ်၊ မကွေးတိုင်းတွင် ၈ ကြိမ်၊ ကရင်နီပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇ ကြိမ်စီ၊ မွန်ပြည်နယ်တွင် ၅ ကြိမ်တို့ ဖြစ်ပါသည်။ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွား ခြင်း လုံးဝမရှိပါ။

ဩဂုတ်လအတွင်း တိုက်ပွဲများတွင် စစ်ကော်မရှင်တပ်သား ၁၀၇၉ ဦး သေဆုံးခဲ့သည်။ စစ်ကော်မရှင်တပ်သား သေဆုံး မှု အများဆုံးမှာ တနင်္သာရီတိုင်းဖြစ်ပြီး စစ်ကော်မရှင်တပ်သား ၂၆၆ ဦး သေဆုံးခဲ့သည်။ မန္တလေးတိုင်းတွင် ၁၄၀ ဦး၊ စစ်ကိုင်းတိုင်းတွင် ၁၂၁ ဦး၊ ကရင်ပြည်နယ်တွင် ၁၀၆ ဦး၊ ရခိုင်ပြည်နယ်တွင် ၁၀၂ ဦး၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁၀၀ ဦး၊ ကချင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် ၇၃ ဦးစီ၊ ပဲခူးတိုင်းတွင် ၄၉ ဦး၊ ကရင်နီပြည်နယ်တွင် ၃၅ ဦး၊ မွန်ပြည် နယ်တွင် ၈ ဦးနှင့် ဧရာဝတီတိုင်းတွင် ၆ ဦးတို့ သေဆုံးခဲ့ပါသည်။

ဩဂုတ်လအတွင်း တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့ဝင် ၂၀ ဦး ကျဆုံးခဲ့သည်။



| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **KARENNI** | 7 | 11 | 35 | 7 | 5 | 32 | | |
| **MAGWAY** | 8 | 57 | 73 | | 7 | 35 | 75 | 59 |
| **MANDALAY** | 25 | 73 | 140 | | 7 | 90 | 19 | |
| **MON** | 5 | 2 | 8 | 1 | | 3 | 60 | |
| **RAKHINE** | 27 | 12 | 102 | | 6 | 12 | 1 | |
| **SAGAING** | 39 | 69 | 121 | 7 | | 67 | 73 | 551 |
| **SHAN ( N )** | 11 | 13 | | | | 32 | 8 | |
| **SHAN ( S )** | 7 | | 100 | | | 1 | | 124 |
| **TANINTHARYI** | 39 | 7 | 266 | 3 | 1 | 7 | 11 | 76 |
| **YANGON** | | | | | | | 17 | |
| **TOTAL** | **237** | **335** | **1079** | **20** | **30** | **292** | **372** | **924** |

## ပဋိပက္ခဖြစ်ပွားရာ ဒေသပြမြေပုံ

